# ပြည်သူ့ဆေးရုံများတွင် 2019-nCoV လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလူနာ နှင့်ပတ်သက်၍ ဆေးရုံဆင်းလူနာများအား လမ်းညွှန်မှာကြားချက်များ (ပိုးတွေ့လူနာ)

- လူနာသည် 2019-nCoV လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါပိုးကို နှာခေါင်းတို့ပတ်၊ အာခေါင်တို့ပတ် တို့တွင် စစ်ဆေးပြီး ပိုးတွေ့ရှိထားပါသည်။
- ယခုဆေးရုံဆင်းသည့် အချိန်တွင် လူနာအနေအထားကောင်းမွန်ပြီး စမ်းသပ်မှုအရ စိုးရိမ်ရသည့် အခြေအနေမရှိပါ။
- နောက်ဆုံးကျန်းမာရေးစစ်ဆေးမှုများတွင် ရောဂါလက္ခဏာများမတွေ့ရှိသော်လည်း မိမိမှတစ်ဆင့် တခြားသူများကို ကူးစက်နိုင်ခြေအနည်းဆုံးဖြစ်စေရန် မိမိအိမ်/တည်းခိုနေရာတွင် (၁၄) ရက်တိတိ နေအိမ်အပြင်ဘက်သို့ မထွက်ဘဲ ဆက်လက်အနားယူရန်နှင့် လူထူထပ်သောနေရာများသို့မသွားရန်လိုအပ်ပါသည်။ ထိုအချိန်တွင် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) အား အချိန်ပြည့်တပ်ဆင်ထားရပါမည်။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လက်ကို ဆပ်ပြာဖြင့် မကြာခဏ စနစ်တကျ စင်ကြယ်စွာ ဆေးရမည်။
- မိမိအား ရောဂါအကြောင်း မေးမြန်းလာလျှင်လည်း ရောဂါပိုးကင်းစင်သွားပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားပေးစေလိုပါသည်။
- နှာချေ၊ ချောင်းဆိုးလျှင် တစ်ခါသုံးတစ်ရှူးကို အသုံးပြုရမည်။ အသုံးပြုပြီးတစ်ရှူးကို စနစ်တကျ စွန့်ပစ်ရမည်။ လက်ပြန်ဆေးရမည်။
- ဆေးရုံဆင်းပြီး (၂) ပတ်အကြာ ပြင်ပလူနာဌာနသို့ ပြန်လည်ပြသရန်လိုပါသည်။
- မိမိတွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပြသရမည်။

**အထက်ပါအချက်များကို လိုက်နာခြင်းဖြင့် မိမိတွင်ဖြစ်ပွားသည့် 2019-nCoV လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည် မိသားစုသို့ကူးစက်ပြန့်ပွားခြင်းအား ကာကွယ်နိုင်မည်ဖြစ်ပါသည်။**

2019-nCoV

အသေးစိတ်သိရှိလိုပါက ဤနေရာတွင် Scan ဖတ်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၁-၂-၂၀၂၀)